# တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ ၃၂ ဦး ထပ်မံတွေ့ရှိ

**ပေကျင်း ဇွန် ၁၉**

တရုတ်နိုင်ငံတွင်း၌ ဇွန် ၁၈ ရက်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၃၂ ဦး ထပ်မံတွေ့ရှိသည်ဟူသည့် အစီရင်ခံချက်များကို လက်ခံရရှိကြောင်း တရုတ်အစိုးရ ကျန်းမာရေးအာဏာပိုင်များက ယနေ့ ပြောကြားသည်။ ၎င်းတို့ထဲတွင် ၂၈ ဦးမှာ ပြည်တွင်း၌ ရောဂါပိုးကူးစက်ခံရသူများဖြစ်ပြီး လေးဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိသူများ ဖြစ်သည်ဟု ဆိုသည်။


ပြည်တွင်း၌ ရောဂါပိုးကူးစက်ဖြစ်ပွားသူ ၂၅ ဦးမှာ မြို့တော် ပေကျင်းမှဖြစ်ပြီး အခြားနှစ်ဦးမှာ ဟူပေပြည်နယ်မှဖြစ်ကာ တစ်ဦးမှာ လျောင်နင်းပြည်နယ်မှဖြစ်ကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်၏ နေ့စဉ် သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

ယမန်နေ့ကရရှိသော သတင်းများအရ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုနှင့် ဆက်နွယ်သည့် လူသေဆုံးသည့် သတင်းမရှိကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

တရုတ်နိုင်ငံတစ်ဝန်းလုံး၌ ရောဂါပိုးကူးစက်ခံရသူပေါင်း ၈၃၃၂၅ ဦး ရှိကြောင်း အတည်ပြုခဲ့ပြီး ၂၉၃ ဦးမှာ ဆေးရုံတင်ကုသမှုများ ခံယူနေဆဲဖြစ်သည်။ ၎င်းတို့ထဲမှ ၁၃ ဦးမှာ ရောဂါအခြေအနေ ဆိုးရွားနေသည်။ ရောဂါပိုး ကူးစက်ခံရသူ ၇၈၃၉၈ ဦးသည် ကျန်းမာရေးပြန်လည် ကောင်းမွန်လာပြီးနောက် ဆေးရုံများမှ ဆင်းသွားကြပြီဖြစ်ပြီး တရုတ်နိုင်ငံတစ်ဝန်းလုံး၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူပေါင်းမှာ ၄၆၃၄ ဦး ဖြစ်ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဇော်ဝင်း



# ကိုဗစ်-၁၉ ရောဂါကြောင့် ပါကစ္စတန် ပြည်နယ်ရေးရာဝန်ကြီးတစ်ဦး ထပ်မံသေဆုံး

**အစ္စလာမ္မာဘတ် ဇွန် ၁၉**

ပါကစ္စတန်နိုင်ငံ ဂီလ်ဂစ်-ဘော်လ်တစ္စတန်ပြည်နယ်၏ စိုက်ပျိုးရေးဝန်ကြီး ဂျန်ဘာ့ဇ်ခန်သည် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတင်ခြင်းခံခဲ့ရပြီးနောက် သီတင်းတစ်ပတ်အကြာတွင် သေဆုံးသွားပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် နောက်ဆုံးသေဆုံးသည့် နိုင်ငံရေးသမားတစ်ဦး ဖြစ်လာခဲ့သည်။

အသက် ၆၄ နှစ်အရွယ် ဂျန်ဘာ့ဇ်ခန်သည် ဂီလ်ဂစ်ဆေးရုံ၌ ဆေးကုသမှု ခံယူစဉ် ၎င်းမှာ အသက်ရှူကျပ်နေသည့်အတွက် အသက်ရှူ အထောက်အကူပြု ကိရိယာတစ်ခုကို လေးရက်ကြာတပ်ဆင်ထားခဲ့ကြောင်း ၎င်းအား ပြုစုကုသပေးသူ ဂီလ်ဂစ်ဆေးရုံဆရာဝန်တစ်ဦးက ပြောကြားသည်။

ဂျန်ဘာ့ဇ်ခန်သည် နှလုံးဆိုင်ရာ ရောဂါဝေဒနာ ခံစားနေရသည့်အပြင် ဆီးချိုရောဂါရှိသူတစ်ဦးဖြစ်ကြောင်း ဆရာဝန်က ထပ်မံပြောကြားသည်။ ပါကစ္စတန်နိုင်ငံရေးလောက၌ ငါးကြိမ်တိုင်တိုင် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာခဲ့သော ဂျန်ဘာ့ဇ်ခန်သည် ဒေသအတွင်း၌ ပါကစ္စတန်မွတ်ဆလင်ပါတီ တည်ထောင်သူ တစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

ယခုအချိန်အထိ ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်နယ်ဝန်ကြီးနှစ်ဦးအပါအဝင် လွှတ်တော်အမတ် ငါးဦး သေဆုံးခဲ့သည်။ ထို့ပြင် ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်းများဖြစ်ကြသည့် ရှာဟစ်ခါကန်အဘ်ဘာဆီနှင့် ယူဆပ်ဖ်ရာဇာ ဂီလာနီတို့အပါအဝင် ပါကစ္စတန်ထိပ်တန်း နိုင်ငံရေးသမားအများအပြားသည်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း သိရသည်။

ထို့ပြင် ယခုလအစောပိုင်းက ကိုဗစ်-၁၉ ရောဂါကြောင့် ပန်ဂျပ်ပြည်နယ်လွှတ်တော်မှ ပါကစ္စတန်မွတ်ဆလင်ပါတီအဖွဲ့ချုပ် နာဝါ့ဇ်အဖွဲ့ဝင် ရှော်ကတ်မန်ဇွားချီမာနှင့် ဆင်းဒ်ပြည်နယ်၏ ပြန်လည်နေရာချထားရေးဝန်ကြီး ဂူလမ်မူရ်တဇာဘာလော့ခ်တို့ သေဆုံးခဲ့သည်။

ပါကစ္စတန်နိုင်ငံ ခေဘာပဲ့ခ်တွန်ခွာပြည်မှ အမျိုးသားလွှတ်တော်အမတ် မူရာအရာ့ဖ်ိုင်းသည် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံ၌ ဆေးကုသမှုခံခဲ့ပြီးနောက် ဇွန် ၂ ရက်က သေဆုံးခဲ့သည်။ ထို့ပြင် ဆင်းဒ်ပြည်နယ်ရေးရာ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဆီဒါရှယ်လာရာဇာနှင့် ပါကစ္စတန် တယ်လီကွန်မြူနီကေးရှင်းဝန်ကြီး ဆယက်အမီနူလ်ဟက်တို့သည်လည်း ဇွန် ၁၅ နှင့် ၁၆ ရက်တို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၌ ယမန်နေ့က တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၁၈ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၀၀ ကျော်ရှိလာခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၆၀၀၀၀ ရှိလာကြောင်း ပါကစ္စတန် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား - ပီတီအိုင်
ဘာသာပြန် - ဂျေတီ

# ကာဇက်စတန် ဒုတိယဝန်ကြီးချုပ် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**နူဆူလ်တန် ဇွန် ၁၉**

ကာဇက်စတန် ဒုတိယဝန်ကြီးချုပ် ယာရာလီတူဇန်နေ့ဗ်က သူ့တွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့သော်လည်း ရောဂါလက္ခဏာများ မပြသကြောင်း ဖေ့စ်ဘွတ်တွင် ရေးသားခဲ့သည်။

"မကြာမီ ပြန်လည်သက်သာလာဖို့နဲ့ အလုပ်ပြန်လုပ်နိုင်ဖို့ ဆေးဘက်ဆိုင်ရာဆေးညွှန်းတွေကို ကျွန်တော် လိုက်နာပါတယ်။ ပြည်သူတွေအနေနဲ့ ကြိုတင်ကာကွယ်မှု အစီအမံတွေအားလုံး လိုက်နာဖို့၊ နှာခေါင်းစည်းတွေ ဝတ်ဆင်ဖို့၊ ပိုးသတ်ဆေးတွေ အသုံးပြုဖို့၊ တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်ဖို့နဲ့ လက်ဆေးကြဖို့ တောင်းဆိုပါတယ်"ဟု ၎င်းက ရေးသားခဲ့သည်။ သမ္မတဟောင်း နူဆူလ်တန်နာဇာဘာယက်ဗ်တွင်လည်း ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း ယနေ့ ကြေညာခဲ့သည်။ ကျန်းမာရေးဆိုင်ရာ ကျင့်ဝတ်များနှင့်အညီ အခြားသူများနှင့် သမ္မတဟောင်း၏ ထိတွေ့ဆက်ဆံမှုများကို ကန့်သတ်ထားသည်။

ကာဇက်စတန် ကျန်းမာရေးဝန်ကြီး ယဲလ်ဇန်ဘာတိုနေ့ဗ်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရသည်ဟု ဇွန် ၁၄ ရက်တွင် ကြေညာခဲ့သည်။ ထို့ပြင် သမ္မတ တိုကာယက်ဗ်၏ ပြောရေးဆိုခွင့်ရှိသူ ဘာရက်ခ်အူလီနှင့် အောက်လွှတ်တော်နာယက နူလန်နီမာတူလင်တို့လည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရသည်။ ကျန်းမာရေးဝန်ကြီးတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိပြီးနောက် ဝန်ကြီးချုပ် အက်စကာမာမင်၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဆာပါဟန်အိုမာ



ရော့ဗ်၊ ပညာရေးဝန်ကြီး အိုင်မာဂါဘီတော့ဗ်၊ ဂျမ်ဘိုင်ဒေသ အုပ်ချုပ်ရေးမှူး ဆာပါဘေ့ဗ်နှင့် ဂေဟဗေဒဆိုင်ရာဝန်ကြီး မာဇွမ်မီဇာဂါလစ်ဗ်တို့က သီးသန့်ခွဲနေထိုင်လျက်ရှိသည်။

ထို့ပြင် ဘဏ္ဍာရေးဝန်ကြီး ယာရူလန်ဂျာမော်ဘေ့ဗ်နှင့် ကာကွယ်ရေးဝန်ကြီး နူလန်ယာမက်ဘာ ယက်ဗ်တို့လည်း သီးသန့်ခွဲနေထိုင်ခဲ့သည်။

ကိုးကား - အာကီပရက်စ်၊ ဘာသာပြန် - ကျော်ထိုက်စိုး



# ကိုဗစ်-၁၉ ရောဂါကြောင့် ရုရှားမြို့တော်ဝန်ဟောင်း သေဆုံး

**မော်စကို ဇွန် ၁၉**

ရာထူးတာဝန်မှ ထုတ်ပယ်ခံရမှုနှင့်ပတ်သက်၍ သမ္မတပူတင်အား တရားစွဲဆိုရန် ဆန္ဒရှိနေသော ရုရှားနိုင်ငံ၏ ဒေသဆိုင်ရာ မြို့တော်ဝန်ဟောင်းသည် ကိုဗစ်-၁၉ ရောဂါနှင့် ဆက်စပ်သည့်ရောဂါကြောင့် သေဆုံးခဲ့ကြောင်း ရုရှားအာဏာပိုင်များက ယနေ့ ပြောကြားသည်။

ပူတင်သည် အလယ်ချူဗာရှားဒေသ၏ မြို့တော်ဝန် မီခေးလ်အစ်ခ်နတ်ယက်ဗ်နှင့် အငြင်းပွားမှု အများအပြားဖြစ်ပွားခဲ့ပြီးနောက် မီခေးလ်အစ်ခ်နတ်ယက်ဗ်အပေါ် အယုံအကြည်ကင်းမဲ့သွားပြီး ယခုနှစ် ဇန်နဝါရီလက ၎င်းကို ရာထူးတာဝန်မှ ထုတ်ပယ်လိုက်ခြင်းဖြစ်သည်။

အသက် ၅၈ နှစ်အရွယ် မီခေးလ်အစ်ခ်နတ်ယက်ဗ်သည် ဆယ်စုနှစ်တစ်ခုအကြာ အစိုးရတာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ရာထူးမှ ထုတ်ပယ်ခြင်းခံခဲ့ရခြင်းဖြစ်သည်။ သို့သော် မီခေးလ်အစ်ခ်နတ်ယက်ဗ်သည် ရာထူးတာဝန်မှ ထုတ်ပယ်ခြင်းခံခဲ့ရမှုနှင့် ပတ်သက်၍ သမ္မတပူတင်ကို စိန်ခေါ်ရန် ကြိုးစားခဲ့ပြီး ယခုနှစ် မေလက ရုရှားအထက်တန်းတရားရုံးတော်သို့ အမှုဖွင့်ခဲ့ကြောင်း သိရသည်။

သို့သော် မီခေးလ်အစ်ခ်နတ်ယက်ဗ်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် မေလကုန်ပိုင်းတွင် စိမ့်ပီတာစဘာ့ခ်မြို့ရှိ ဆေးရုံတစ်ရုံ၌ သေဆုံးခဲ့သည်။ ဒေသဆိုင်ရာအစိုးရသည် မီခေးလ်အစ်ခ်နတ်ယက်ဗ်၏ အသုဘအစီအစဉ်ကို စီစဉ်ဆောင်ရွက်ရန် အစိုးရကော်မရှင်တစ်ခု ဖွဲ့စည်းထားကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

"ဒီဟာက ဝမ်းနည်းစရာအဖြစ်အပျက်ပါ" ဟု ခေတ္တမြို့တော်ဝန် အိုလက်ခ်နီကိုလာယက်ဗ်က ပြောကြားသည်။ သို့သော် ဒေသဆိုင်ရာ အစိုးရပြောရေးဆိုခွင့်ရှိသူက မြို့တော်ဝန်ဟောင်း သေဆုံးမှုနှင့်ပတ်သက်၍ ထင်မြင်ချက် ချက်ချင်းမပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ

# ဗြိတိန်ဝန်ကြီးချုပ်နှင့် ပြင်သစ်သမ္မတ ဘရက်ဆစ်အရေး ဆွေးနွေး



**လန်ဒန်  ဇွန်  ၁၉**
ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ပြင်သစ်သမ္မတ မက်ခရွန်တို့သည် ဘရက်ဆစ်အရေးနှင့် ပတ်သက်ပြီး ယမန်နေ့က ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် ခေါင်းဆောင်များက ကြေညာချက်ထုတ်ပြန်ခဲ့ကြသည်။

ဘောရစ်ဂျွန်ဆင်က ဇူလိုင်လအတွင်းတွင် ဘရက်ဆစ် ဆွေးနွေးပွဲထပ်မံကျင်းပမည့်အရေးကို ကြိုဆိုခဲ့ပြီး ဆွေးနွေးပွဲများမှာ အချိန်ကြာမြင့်လိမ့်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ဘောရစ်ဂျွန်ဆင်သည် ဇွန် ၁၅ ရက်က ဥရောပသမဂ္ဂအကြီးအကဲများနှင့် ဆွေးနွေးပွဲကျင်းပခဲ့ပြီး ဘရက်ဆစ် အကူးအပြောင်းကာလဖြစ်သော ယခုနှစ်မကုန်မီ သဘောတူညီချက်ရရှိရန် တောင်းဆိုခဲ့သည်။

ပြင်သစ်နှင့်ဗြိတိန်အကြား ဒုက္ခသည်များအရေး ပူးပေါင်းဆောင်ရွက်မှုအား ခေါင်းဆောင်နှစ်ဦးက ကြိုဆိုခဲ့သည်။ နှစ်နိုင်ငံအကြား ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ဆွေးနွေးခဲ့ကြပြီး ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါအား ကျော်လွှားရေးအတွက် နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း ခေါင်းဆောင်များက ပြောကြားခဲ့သည်။ မျက်မှောက်ခေတ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုများကို ခေါင်းဆောင်များက အသိအမှတ်ပြုပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီး ရာထူးမှနုတ်ထွက်

**ဆိုးလ် ဇွန်  ၁၉**
မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေး ဆိုးရွားလာနေစဉ် တောင်ကိုရီးယား သမ္မတ မွန်ဂျေအင်းက ပြန်လည်ပေါင်းစည်းရေးဝန်ကြီး၏ နုတ်ထွက်စာကို ယနေ့လက်ခံလိုက်ပြီဟု သိရသည်။



**နုတ်ထွက်စာတင်**

နယ်စပ်အနီးရှိ နှစ်နိုင်ငံဆက်ဆံရေးရုံးကို မြောက်ကိုရီးယားနိုင်ငံက ဖုံးခွဲဖျက်ဆီးပြီး တစ်ရက်အကြာ ဇွန် ၁၇ ရက်တွင် တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီး ကင်ယွန်ချုလ်က ရာထူးမှ နုတ်ထွက်စာတင်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံနှင့် ထိတွေ့ဆက်ဆံမှုကို ကြီးကြပ်ရသည့် တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီး ကင်ယွန်ချုလ်ကို ပြီးခဲ့သည့်နှစ် ဧပြီလတွင် အဆိုပါရာထူး၌ ခန့်အပ်ခဲ့ပြီး ၂၀၁၈ ခုနှစ် ကတည်းက ရပ်တန့်ခဲ့သည့် ဆွေးနွေးမှုများ ပြန်လည်စတင်ရန် တာဝန်ပေးအပ်ခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံကြား ဆက်ဆံရေးရုံးကို ၂၀၁၈ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ သမ္မတ မွန်ဂျေအင်းသည် ယမန်နေ့က ကင်ယွန်ချုလ်နှင့် ညစာအတူသုံးဆောင်ခဲ့ပြီး ရာထူးမှ နုတ်ထွက်ရသည့် ဆုံးဖြတ်ချက်ကို နားထောင်ခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ပြောကြားသည်။ ကင်ယွန်ချုလ်၏ နေရာတွင် လက်ထောက်ဖြစ်သူ ဆူဟိုက ခေတ္တဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည်ဟု မျှော်မှန်းရသည်။ တောင်ကိုရီးယားနိုင်ငံက နယ်စပ်တစ်လျှောက်ဝါဒဖြန့်ချိရေး လက်ကမ်းစာစောင်များပေးပို့မှုကို မရပ်တန့်ခဲ့ခြင်းကြောင့် မကြာသေးမီ သီတင်းပတ်များအတွင်း ကိုရီးယားနှစ်နိုင်ငံကြားတင်းမာမှုများ အရှိန်မြင့်တက်လာခဲ့သည်။

ထိုလုပ်ရပ်ကြောင့် မြောက်ကိုရီးယားနိုင်ငံက အမျက်ဒေါသထွက်ခဲ့ပြီး တောင်ကိုရီးယားနိုင်ငံနှင့် ဆက်သွယ်မှုအားလုံး ဖြတ်တောက်ခဲ့သည်။

**ကိုးကား-အနာဒိုလူ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# တမီလ်နာဒူပြည်နယ် ပညာရေးဝန်ကြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**ချန်နိုင်း  ဇွန်  ၁၉**
တမီလ်နာဒူပြည်နယ် အဆင့်မြင့်ပညာရေးဝန်ကြီး ကေပီအန်ဘာဇာဂန်တွင် ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်တွေ့ရှိခဲ့ပြီး မာနာပတ်ကမ်မြို့ရှိ ပုဂ္ဂလိကဆေးရုံတစ်ရုံ၌ ဆေးကုသမှုခံယူနေကြောင်း သိရသည်။

**ရောဂါလက္ခဏာမပြင်းထန်**

တရားဝင်သတင်းရင်းမြစ်တစ်ခု၏ ပြောကြားချက်အရ ဝန်ကြီး အန်ဘာဇာဂန်သည် ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ခဲ့ရာ ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ပြီး ရောဂါလက္ခဏာမပြင်းထန်ဟု သိရသည်။ ဝန်ကြီး အန်ဘာဇာဂန်မှာ ပြည်နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး မြောက်ပိုင်းချန်နိုင်းတွင် ရောဂါထိန်းချုပ်ရေးအစီအမံများကို ကြီးကြပ်ရသည်။ ဝန်ကြီးအန်ဘာဇာဂန်သည် ဇွန် ၁၇ ရက်က ကျင်းပခဲ့သည့် ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအစီအမံများ ပြန်လည်သုံးသပ်ရေးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ အက်စ်ပီဗီလူမန်နီ၊ ဒီဂျာရာကူးမား၊ အာကာမာရတ်ဂျ်နှင့် စီဗီဂျေရာဘာစကာတို့ အပါအဝင် အခြားဝန်ကြီးများလည်း တက်ရောက်ခဲ့သည်။

ထို့ပြင် ကျန်းမာရေးဌာနအတွင်းဝန် ဂျေရာဂါခရစ်ရှ်နန်၊ ချန်နိုင်းကော်ပိုရေးရှင်းမှ ကော်မရှင်နာ ပရာကတ်ရှ်နှင့် ချန်နိုင်းရဲတပ်ဖွဲ့ အကြီးအကဲ အေကေဗက်ရ်ှဝါနာသန် အပါအဝင် အကြီးတန်းအရာရှိများလည်း အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

**ကိုးကား-သည်နယူးအိန္ဒိယအိတ်ပရက်စ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# ဖမ်းဆီးခံ အိန္ဒိယတပ်ဖွဲ့ဝင် ၁၀ ဦးအား တရုတ်ပြန်လွှတ်ပေး

**ပေကျင်း  ဇွန်  ၁၉**
ဇွန် ၁၅ ရက်က တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံနယ်စပ်တွင် ပဋိပက္ခ ဖြစ်ပွားခဲ့ပြီးနောက် ဖမ်းဆီးထားသော အိန္ဒိယတပ်ဖွဲ့ဝင် ၁၀ ဦးအား တရုတ်အစိုးရက ယနေ့ ပြန်လည်လွှတ်ပေးခဲ့ကြောင်း အိန္ဒိယမီဒီယာများက သတင်းဖော်ပြသည်။

ပြန်လည်လွှတ်ပေးခဲ့သည့် အိန္ဒိယတပ်ဖွဲ့ဝင်များတွင် ဒုတိယဗိုလ်မှူးကြီးတစ်ဦးနှင့် ဗိုလ်မှူးသုံးဦးတို့ ပါဝင်ကြောင်း တပ်မတော်၏သတင်းအရင်းအမြစ်များကို ကိုးကားပြီး သည်ဟိန္ဒူသတင်းစာက သတင်းဖော်ပြထားသည်။

နှစ်နိုင်ငံ ပဋိပက္ခဖြစ်ပွားမှုတွင် အိန္ဒိယတပ်ဖွဲ့ဝင် ၂၀ သေဆုံးကာ အနည်းဆုံး ၇၆ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

တရုတ်တပ်မတော်က အဆိုပါ ပဋိပက္ခဖြစ်ပွားမှုနှင့် ပတ်သက်ပြီး ထိခိုက်ဒဏ်ရာရရှိသည့် စာရင်းများကို ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ပေ။

အိန္ဒိယတပ်ဖွဲ့ဝင်များ ပြန်လည်လွှတ်ပေးခဲ့ခြင်းသည် နှစ်နိုင်ငံသဘောထားတင်းမာမှုများကို လျော့ကျစေမည်ဖြစ်ပြီး ဖော့စပ်ညှိနှိုင်းမှုများအတွက် အကျိုးကျေးဇူး ပြုမည်ဖြစ်ကြောင်း အိန္ဒိယတူဒေးသတင်းစာ၏ အကြီးတန်းအယ်ဒီတာ ရှစ်ဗ်အာရိုကဆိုသည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှု မေလတွင် ၆၉ ရာခိုင်နှုန်းကျော် ကျဆင်း

**ဗန်ကောက်  ဇွန်  ၁၉**
ထိုင်းနိုင်ငံ၏ ယခုနှစ်မေလအတွင်း မော်တော်ယာဉ်ထုတ်လုပ်မှုသည် ယမန်နှစ်အလားတူကာလထက် ၆၉ ရာခိုင်နှုန်းကျော်ကျဆင်းခဲ့သည်။ ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကူးစက်ဖြစ်ပွားနေမှုကြောင့် ဝယ်လိုအား ကျဆင်းမှုဖြစ်ပေါ်ခဲ့ပြီး ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုများ ကျဆင်းခဲ့ရခြင်းဖြစ်သည်။

အရှေ့တောင်အာရှဒေသတွင် ထိုင်းနိုင်ငံသည် မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်း အကြီးမားဆုံးတည်ရှိသည့် နိုင်ငံဖြစ်သည်။ ဂျပန်မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီအများအပြားသည် ထိုင်းနိုင်ငံတွင် မော်တော်ယာဉ်ထုတ်လုပ်သည့်စက်ရုံများ တည်ထောင်ကာ ထုတ်လုပ်မှုများ ပြုလုပ်နေခဲ့သည်။

၂၀၂၀ ပြည့်နှစ် မေလတွင် ထိုင်းနိုင်ငံ၌ မော်တော်ယာဉ်အစီးရေ ၅၆၀၃၅ စီးကို ထုတ်လုပ်ခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းအဖွဲ့ချုပ် (အက်ဖ်တီအိုင်)က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုသည် ယခုနှစ် ဧပြီလအတွင်းက ၈၃ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး မေလတွင် မော်တော်ယာဉ်ထုတ်လုပ်မှု ၆၉ ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းသည် ဧပြီလထုတ်လုပ်မှုထက် အနည်းငယ်တိုးတက်လာခဲ့ခြင်းဖြစ်သည်။

ယခုနှစ် မေလအတွင်းက ပြည်တွင်း၌ မော်တော်ယာဉ်ရောင်းချရမှုမှာ အစီးရေ ၄၀၄၁၈ စီးရှိခဲ့ပြီး ပမာဏမှာ ယမန်နှစ်အလားတူကာလထက် ၅၁ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ပြည်ပသို့ မော်တော်ယာဉ်တင်ပို့မှုသည် ယခုနှစ်မေလတွင် ၂၉၈၉၄ စီးရှိပြီး နှစ်စဉ်တင်ပို့မှုတွင် ၆၈ ဒသမ ၆ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ခြင်းဖြစ်သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၈၆၁၆၇၄၈ ဦး

သေဆုံးသူ
၄၅၇၀၇၄ ဦး

ပြန်လည်ကျန်းမာလာသူ
၄၅၆၂၄၄၈ ဦး

# ကိုဗစ်-၁၉ ကာလတွင် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား ဆွမ်းဆန် ၁၆၄ အိတ် လှူဒါန်း

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော် တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် မဟာဇနက ပရိယတ္တိစာသင်တိုက်ရှိ ဗိမာန်တော်ကြီး၌ ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိန္တ အမှူးပြုသော ဆရာတော်ကြီးငါးပါး ကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ နေပြည်တော် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံမှ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်နှင့် တာဝန်ရှိသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုတော်မူကြပြီးနောက် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိန္တထံမှ နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းလှူဒါန်းခဲ့သည်။

အဆိုပါ ဆွမ်းဆန်တော်လှူဒါန်းပွဲအခမ်းအနားတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်နေစဉ်ကာလအတွင်း နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်း၊ သီလရှင်ကျောင်း ငါးကျောင်းတို့တွင် သီတင်းသုံးတော်မူကြသည့် ရဟန်း၊ သာမဏေ ၇၄၈ ပါးနှင့် သီလရှင် ၉၁ ပါးတို့အား ဆွမ်းဆန်တော် ၁၆၄ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မန္တလေးခရိုင်အတွင်းရှိ သီလရှင် ၄၉၂၈ ပါးအား ဆန်၊ဆီ၊ခေါက်ဆွဲခြောက်များ ဆက်ကပ်လှူဒါန်း

**မန္တလေး ဇွန် ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၅)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်းမန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီမှ မန္တလေးခရိုင်အတွင်းရှိသီလရှင်ဆရာကြီး ဆရာလေး ၄၉၂၈ ပါးအား ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်များ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၈ နာရီခွဲက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဝတီသီလရှင်စာသင်တိုက်၌ ကျင်းပသည်။



ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး သီလရှင်အမှုဆောင်အဖွဲ့ အကျိုးတော်ဆောင် အနီဃာသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဒေါ်ဥက္ကဋ္ဌဝတီထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီနာယက ဒေါက်တာယုယုမေက လှူဒါန်းရခြင်း၏ အကြောင်းရင်းများကို လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ကျောင်းတိုက်အသီးသီးမှ သီလရှင်ဆရာကြီးများကိုယ်စား မြဝတီသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ပညာဝတီက လက်ခံရယူသည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီး သီလရှင်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ မြဝတီသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ပညာဝတီထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ တရားနာယူကြည်ညိုကြသည်။

အခမ်းအနားသို့ သီလရှင်ဆရာကြီး ဆရာလေးများ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီနာယက အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပြီး မန္တလေးခရိုင်အတွင်းရှိ သီလရှင်စာသင်တိုက် ၂၇၆ တိုက်မှ သီလရှင်ဆရာကြီး ဆရာလေး ၄၉၂၈ ပါးအတွက် ဆန် ၈၂၁ အိတ်နှင့် ရှစ်ပြည်ဆီ ၂၅ ကျပ်သား ၄၉၂၈ ဘူး၊ ခေါက်ဆွဲအထုပ် ၃၀ ပါ ၄၉၂၈ ထုပ်တို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မိုးကောင်းမြို့၌ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်ကာလ ထပ်ဆောင်းထောက်ပံ့ငွေနှင့် လူမှုရေးပင်စင်ပေးအပ်

**မိုးကောင်း ဇွန် ၁၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်ကာလ ထပ်ဆောင်းထောက်ပံ့ငွေနှင့် လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းက ထောက်ပံ့ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၄၂၅ ဦးအတွက် တစ်ဦးလျှင် ကူးစက်ရောဂါဖြစ်ပွားနေသည့်ကာလ ထပ်ဆောင်းထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှင့် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၃၀၀၀၀ စုစုပေါင်း ငွေကျပ် ၂၅၅ သိန်းကို တာဝန်ရှိသူများကပေးအပ်ရာ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူသည်။

ထို့နောက် ရပ်ကွက်အတွင်း နေထိုင်ကြသည့် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၏ နေအိမ်များသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)



# ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စာသင်ကျောင်းများ ပိုးသတ်ဆေးဖျန်း

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ရည်ရွယ်၍ ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၃)ရှိ စာသင်ခန်းများနှင့် ကျောင်းဝင်းအတွင်း၊ အပြင်တို့တွင် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိုးရာသီကာလ၌ ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေး၊ ကြိုတင်ကာကွယ်စေရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအတွက် ရည်ရွယ်ပြီး စာသင်ခန်းများ၊ သန့်စင်ခန်းများကို ပိုးသတ်ဆေးဖျန်းခြင်းနှင့် ခြင်ဆေးဖျန်းခြင်းတို့ကို ပြုလုပ်ပေးခဲ့ပြီး ယမန်နေ့က အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင်လည်း အလားတူ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အခြေခံပညာအထက်တန်းကျောင်း (ခွဲ) အလက (၃)မှ ကျောင်းအုပ်ဆရာကြီး ဦးထိန်လင်းအောင်က "ဇူလိုင်လအတွင်းမှာ အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မှာဖြစ်တဲ့အတွက် ခုလိုပိုးသတ်ဆေးဖျန်းခြင်းကြောင့် ကြိုတင်ကာကွယ်နိုင်မှာဖြစ်ပါတယ်။ မိမိတို့ကျောင်းအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စာသင်ခန်းတစ်ခန်းမှာ ကျောင်းသားကျောင်းသူ ၂၀ စီထားရှိပြီး တစ်ဦးနဲ့တစ်ဦးကို ခြောက်ပေခွာပြီး စာသင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်များနဲ့အညီ ကာကွယ်ထိန်းချုပ်နိုင်ဖို့အတွက်ကို စနစ်တကျ လိုက်နာဆောင်ရွက်ရမယ့် အချက်များကိုလည်း စာသင်ခန်းတိုင်းမှာ ကပ်ထားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျောင်းသို့လာရင်လည်း နှာခေါင်းစည်းများဝတ်ဆင်ပြီး လာရောက်ရမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ
နိုင်လင်းကျော်(ဒလ)





သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သရွေ့ အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

# ရှေ့နေနှင့် ဥပဒေ

ဦးဟန်ညွန့် (ဥပဒေ)



**နိဒါန်း**

“ဆရာ”

“ဗျာ”

“ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်ကဘာလဲဆရာ”

“ရှေ့နေနှင့် ဥပဒေပါတဲ့”

“ဘာအဓိပ္ပာယ်လဲဆရာ”

“ရှေ့နေဆိုတာ ဥပဒေပညာ ကျွမ်းကျင်ရမယ်၊ ကျွမ်းကျင်အောင်လည်း အမြဲဆည်းပူးနေရမယ်၊ စာတွေ ဖတ်ရမယ်၊ ဥပဒေပညာရှင်အချင်းချင်းလည်း ညှိနှိုင်းတိုင်ပင်ကြရမယ်”

“ကျွန်တော်တို့ရှေ့နေများ ဘာလုပ်သင့်ပါသလဲ”

“ရှေ့နေနှင့်ဥပဒေဟာ ဒင်္ဂါးပြားတစ်ပြားရဲ့ ခေါင်းနဲ့ ပန်းလိုပဲ ဒွန်တွဲနေတယ်၊ ဒါကြောင့် ရှေ့နေနှင့်ဥပဒေ အမြဲယှဉ်တွဲလေ့လာမှတ်သားဖို့ ဒီဆောင်းပါးကို ရေးလိုက်ပါတယ်။”

“စိတ်ဝင်စားပါတယ်ဆရာ”

“ကိုင်း . . . ဒါဖြင့် ဖတ်ကြည့်ကြစို့”

**တရားလွှတ်တော်ရှေ့နေများကောင်စီ**

တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် ကျင်းပမည်ဖြစ်ရာ ရှေ့နေထုတစ်ရပ်လုံး တက်ကြွစွာ ကြိုတင်ပြင်ဆင်နေကြပြီဖြစ်ပါသည်။ ရှေ့နေနှင့် ရှေ့နေများကောင်စီသည် အစဉ်အမြဲလက်တွဲ၍ ရှေ့နေထုအကျိုး တရားစီရင်ရေးလောက၏အကျိုးများကို ကောင်းစွာထမ်းဆောင်နိုင်ရန် ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ရှေ့နေများ၏တာဝန် ကျေပွန်ချိန်ရောက်ပါပြီ။ အကောင်းဆုံးအချိန်ကာလ အခါသမယ ဖြစ်ပါပေသည်။

**သိမှတ်စရာဥပဒေများ**

ရှေ့နေဟူသည် ဥပဒေပညာကို အသိဉာဏ်ပညာ ပြည့်ဝစွာဖြင့် အသုံးချသူဖြစ်ပါသည်။ အထူးသဖြင့် ရှေ့နေသည် ရှေ့နေများအက်ဥပဒေ(The Legal Practitioners Act) ကို တတ်သိသင့်ပါသည်။ ရှေ့နေများ အက်ဥပဒေသည် (၁၈၇၉ ခုနှစ်၊ အိန္ဒိယအက်ဥပဒေအမှတ် ၁၈) ၁၈၈၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် ရက်စွဲဖြင့် ပြဋ္ဌာန်းခဲ့သော အက်ဥပဒေဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့ခြင်းလည်း ဖြစ်ပါသည်။ ယခုအခါ ဥပဒေဘာသာပြန်ကော်မရှင်သည် ( The Legal Practitioners Act)ကို ရှေ့နေများအက်ဥပဒေအဖြစ် ဘာသာပြန်ဆိုခဲ့ပြီးဖြစ်ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက စာအုပ်အမှတ်(၇) အဖြစ် ဘာသာပြန်စာစဉ်ကို ထုတ်ဝေထားပါသည်။

**မြန်မာနိုင်ငံပြန်တမ်း**

၁၈၇၉ ခုနှစ်၊ ရှေ့နေများအက်ဥပဒေ (အိန္ဒိယအက်ဥပဒေအမှတ် ၁၈၊ ၁၈၇၉)၏ ပုဒ်မ ၁ နှင့် ၂ သည် ၁-၁-၁၈၈၀ ရက်နေ့တွင် အာဏာသက်ရောက်ခဲ့ပါသည်။ ပုဒ်မ ၁ အရ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး အက်ဥပဒေပုဒ်မ ၃ နှင့် အခန်း ၂၊ ၃၊ ၅ မှ ၈ အထိနှင့် ဒုတိယဇယားတို့သည် ၁၆-၄-၁၉၀၀ ရက်နေ့မှစ၍ အောက်မြန်မာပြည်အထိ အာဏာသက်ရောက်ခဲ့ပါသည်။( မြန်မာနိုင်ငံပြန်တမ်း ၁၉၀၀ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၃၂၀ ရည်ညွှန်းပါသည်။)

**ရှေ့နေဆိုတာဘာလဲ**

“ရှေ့နေဆိုသည်မှာ တရားလွှတ်တော်ရှေ့နေတစ်ဦး သို့မဟုတ် ရှေ့နေတစ်ဦးကိုဆိုသည်”ဟု ရှေ့နေများအက်ဥပဒေ ပုဒ်မ ၃ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

“တရားလွှတ်တော်ရှေ့နေဆိုသည်မှာ ဤအက်ဥပဒေပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားလွှတ်တော်ရှေ့နေများစာရင်းတွင် အမည်စာရင်းသွင်းထားသော တရားလွှတ်တော်ရှေ့နေကိုဆိုသည်”ဟု တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၂(က)တွင် ပြဋ္ဌာန်းသည်။(ရှေ့နေစစ်စစ်ဟူသော အသုံးအနှုန်းမပါဝင်ပါ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သတိပြုသင့်ပါသည်။)

**အမျိုးသမီး**

ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ရန် ခွင့်ပြုခြင်းနှင့် ပတ်သက်၍ “အမျိုးသမီးဖြစ်သည်ဆိုသော အကြောင်းကြောင့် သူမ၏အရည်အချင်းမပြည့်မီ မဖြစ်စေရ”ဟု ရှေ့နေများအက်ဥပဒေပုဒ်မ ၄ တွင် ပြဋ္ဌာန်းထားသည်။ အမျိုးသမီးရှေ့နေများ ပိုမိုထွန်းကားပါစေ။

**ရှေ့နေအဖြစ်လိုက်ပါခွင့်ပြုခြင်း**

တရားလွှတ်တော်သည် မိမိလက်အောက်ရှိ တရားရုံးများ၊ အခွန်ရုံးများ၌ ရှေ့နေအဖြစ်လိုက်ပါခွင့်ပြုရန် အရည်အချင်း၊ ရှေ့နေအဖြစ်လက်ခံခြင်း၊ ရှေ့နေလိုက်ခွင့်လက်မှတ်ထုတ်ပေးခြင်း၊ စာမေးပွဲနှင့် ဝင်ခွင့်ပြုခြင်းအတွက် အခကြေးငွေများ၊ ရှေ့နေများကို ဆိုင်းငံ့ခြင်းနှင့် ထုတ်ပယ်ခြင်းတို့ကို ဥပဒေနှင့်အညီ ပြုလုပ်နိုင်ကြောင်း ရှေ့နေများအက်ဥပဒေပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားသည်။

**အမှုလိုက်ပါဆောင်ရွက်ခွင့်မရှိစေရ**

ရှေ့နေများအက်ဥပဒေပြဋ္ဌာန်းချက်အရ ထုတ်ပေးထားသော အထောက်အထားလက်မှတ် ကိုင်ဆောင်ထားခြင်းမရှိသည့်အပြင် အဆိုပါ တရားရုံး သို့မဟုတ် ယင်းရုံး၏လက်အောက်ခံ ရုံးတစ်ရုံးရုံးတွင် အမည်စာရင်းတင်သွင်းထားခြင်းမရှိလျှင် ထိုသူအား မည်သည့်တရားရုံးတွင်မျှ ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်ခွင့်မရှိစေရ။

**ရှေ့နေလိုက်ခွင့်ကို ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း**

“တရားလွှတ်တော်သည် ပုဒ်မ ၇ အရ ထုတ်ပေးသည့် အထောက်အထားလက်မှတ် ကိုင်ဆောင်ထားသူ မည်သည့်ရှေ့နေကိုမဆို ရှေ့နေတစ်ဦးအဖြစ် သင့်လျော်မှုမရှိသည့် ကိုယ်ကျင့်တရားပျက်ယွင်းရာရောက်သည့် ပြစ်မှုတစ်ရပ်ရပ် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အမှုလိုက်ပါခွင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ရှေ့နေအဖြစ်မှ ထုတ်ပစ်ခြင်းပြုနိုင်သည် ”ဟု ရှေ့နေများ အက်ဥပဒေပုဒ်မ ၁၂ တွင် ပြဋ္ဌာန်းထားသည်။

ထို့အပြင် “တရားလွှတ်တော်သည် အထက်ဖော်ပြခဲ့သည့် အထောက်အထားလက်မှတ် ကိုင်ဆောင်သော မည်သည့်ရှေ့နေကိုမဆို ရုံးကသင့်သည်ထင်မြင်သည့် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် အမှုလိုက်ပါခွင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ရှေ့နေအဖြစ်မှ ထုတ်ပစ်ခြင်း ပြုနိုင်သည်”ဟု ရှေ့နေများအက်ဥပဒေပုဒ်မ ၁၃ တွင် ဖော်ပြထားပါသည်။ အောက်ဖော်ပြပါ တစ်ခုခုကို ကျူးလွန်ကြောင်း တွေ့ရှိလျှင်လည်း အရေးယူဆောင်ရွက်နိုင်ပါသည်-

(က) မိမိကို ငှားရမ်းထားသည့် အမှုသည် သို့မဟုတ် တရားမကျင့်ထုံးဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ၎င်းအမှုသည်၏ ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုခြင်းခံရသူ သို့မဟုတ် ညွှန်ကြားချက်များပေးရန် အမှုသည်က အခွင့်အာဏာပေးထားသော ခိုင်းစေခံရသူ၊ ဆွေမျိုး သို့မဟုတ် မိတ်ဆွေတစ်ဦးဦးတို့မှအပ အခြားနည်းဖြင့် ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ရသူ သို့မဟုတ်

(ခ) မိမိ၏လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရာတွင် လိမ်လည်လှည့်ဖြားသော သို့မဟုတ် အလွန်အမင်း မလျော်ကန်သောအပြုအမူကြောင့် အပြစ်ရှိသူ သို့မဟုတ်

(ဂ) မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားရှေ့နေတစ်ဦးဦးကိုဖြစ်စေ ဥပဒေဆိုင်ရာ လုပ်ငန်းတစ်ခုခု လာရောက်အပ်နှံစေရန် သူတစ်ဦးကို မိမိ၏ဝန်ဆောင်မှုအတွက် ရရှိသော သို့မဟုတ် ရရန်ရှိသော အခကြေးငွေ သို့မဟုတ် တံစိုးထဲမှ ခွဲဝေပေးရန် ကမ်းလှမ်းသူ သို့မဟုတ် ယင်းတို့မှ နုတ်ယူထားရန် သဘောတူသူ သို့မဟုတ်

(ဃ) အခကြေးငွေပေး၍ဖြစ်စေ၊ ပေးရန်သဘောတူညီ၍ဖြစ်စေ၊ ပေးရန်ကတိပြု၍ဖြစ်စေ၊ ကြားခံသူတစ်ဦးဦးမှတစ်ဆင့် မိမိကိုရှေ့နေအဖြစ် ငှားရမ်းစေရေးအတွက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆောင်ရွက်သူ သို့မဟုတ် ဆောင်ရွက်ရန် အားထုတ်သူ သို့မဟုတ်

(င) ဥပဒေဆိုင်ရာလုပ်ငန်းတစ်ခုခုအတွက် အလုပ်တစ်ခုခုကို ပုဒ်မ ၃၆ အရ အမှုပွဲစားအဖြစ် ကြေညာခြင်းခံထားရသူထံမှတစ်ဆင့် လက်ခံသူ သို့မဟုတ်

( စ) အခြားသင့်လျော်သော အကြောင်းတစ်စုံတစ်ရာအတွက်။

**ကျင့်ဝတ်သိက္ခာများ**

**လေလံ**

ရှေ့နေရှေ့ရပ်များသည် မိမိတို့လိုက်ပါဆောင်ရွက်သော အမှုတွင် လေလံတင်ရောင်းချသည့်ပစ္စည်းကို တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း လေလံဆွဲ ဝယ်ခြင်းမပြုရပါ။ (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၇၃)

**မပြုရ**

ရှေ့နေရှေ့ရပ်များသည် မည်သည့်တရားစွဲဆိုတောင်းယူပိုင်ခွင့် တစ်စုံတစ်ရာကိုမျှ ဝယ်ယူခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ပဋိညာဉ်ပြုလုပ်ခြင်း သို့မဟုတ် ထိုတရားစွဲဆို တောင်းယူပိုင်ခွင့်မှ အကျိုးခံစားပိုင်ခွင့်ကိုဖြစ်စေ၊ အစုရှယ်ယာကိုဖြစ်စေ လက်ခံရန်သဘောတူညီခြင်း မပြုရပါ။(ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၃၆)

**စာဖြင့်အကြောင်းကြား**

ရှေ့နေအဖြစ် ဝင်ခွင့်ရပြီးသူ တစ်ဦးတစ်ယောက်သည် ကုန်သွယ်မှု သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်လျှင် ထိုသို့လုပ်ကိုင်ကြောင်းကို တရားရုံးချုပ်သို့ စာဖြင့်ရေးသား၍ အကြောင်းကြားရပါမည်။ တရားရုံးချုပ်သည် ထိုတရားရုံးချုပ်ရှေ့နေအား ရှေ့နေလိုက်ခြင်းမှ ခေတ္တရပ်စဲထားနိုင်ပါသည်။ သို့မဟုတ် တရားရုံးချုပ်က သင့်လျော်သည် ထင်မြင်သည့်အမိန့်များ ချမှတ်နိုင်ပါသည်။ (တရားရုံးချုပ်ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေ ၁၁(၂)) ( တရားရုံးများလက်စွဲ အပိုဒ် - ၃)

**အသိနှင့်ရှောင်**

ရှေ့နေရှေ့ရပ်တစ်ဦးတစ်ယောက်၏ ဖောက်လဲဖောက်ပြန်ပြုမှုကြောင့် ရှေ့နေရှေ့ရပ် လုပ်ငန်းတစ်ရပ်လုံးကို အထင်သေးသူများ အမြင်လွဲမှားသူများရှိနိုင်သဖြင့် ရှေ့နေရှေ့ရပ်များသည် ရှေ့နေရှေ့ရပ်လောကဂုဏ်သိက္ခာ မထိပါး၊ မကျဆင်း၊ မညစ်နွမ်းစေရအောင် အကျင့်ဖောက်မှုများကို ထာဝစဉ်သတိဆောင်၍ အသိနှင့်ရှောင်သင့်ပါသည်။

**အမှုအနိုင်ရရှိရေး**

ရှေ့နေရှေ့ရပ်များသည် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မည်သည့်နည်းနှင့်မဆို မိမိအမှုသည်ဘက်မှသာ ရပ်တည်မည်ဟူသော အတွေးအခေါ်မျိုးကို စွန့်လွှတ်သင့်ပါသည်။ ရှေ့နေရှေ့ရပ်များသည် မိမိတို့၏ရှေ့နေရှေ့ရပ်လုပ်ငန်းကို ငွေရပေါက်အဖြစ်သာ သဘောထားပါက တရားမျှတရေးဦးတည်ချက် အနှစ်သာရပျောက်ပြီး အမှုအနိုင်ရရှိရေးကိုသာ စိတ်ဝင်စားနေတတ်မည် ဖြစ်ပါသည်။

**တိုင်စာ၊ ပစ်စာ**

ရှေ့နေရှေ့ရပ်များသည် မဟုတ်မမှန် လုပ်ကြံသည့် တိုင်စာ၊ ပစ်စာများ ရေးသားပေးခြင်း၊ ကိုယ်တိုင်လက်မှတ် ရေးထိုးပေးခြင်း မပြုသင့်ပါ။ ရှေ့နေရှေ့ရပ်များသည် ဥပဒေနှင့်အညီ အယူခံပြင်ဆင်မှုတက်နိုင်ပါလျက် နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများသို့ တိုင်စာများ ရေးသားပေးခြင်း မပြုအပ်ပါ။

**အထူး**

ရှေ့နေရှေ့ရပ်လုပ်ငန်းအား အစဉ်အလာအရ မွန်မြတ်သည့်လုပ်ငန်းအဖြစ် သတ်မှတ်ထားကြသည်။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သိက္ခာရှိစွာနှင့် တည့်မတ်မှန်ကန်စွာ ဆောင်ရွက်ကြရန် အထူးအရေးကြီးသည်။ (၁၉၉၈ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ -၁၃၂)

**အသိတရား**

ရှေ့နေကျင့်ဝတ်သိက္ခာဟူသည် အသိတရားနှင့်ယှဉ်၍ ထားရှိသင့်သော ကိုယ်ကျင့်တရားဖြစ်သည်။(၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၃၁(တရားမ) )

**မြင့်မားသောရည်မှန်းချက်**

ရှေ့နေများသည် မြင့်မားသောရည်မှန်းချက်ရှိရမည်။ တရားစီရင်ရေးတွင် မရှိမဖြစ်ပုဂ္ဂိုလ်များဖြစ်သည်။ မြင့်မြတ်သောစံနမူနာကောင်းများဖြင့် ရှင်သန်ရပ်တည်ရမည်။ သို့မှသာ ရှေ့နေကောင်းပီသမည်။

**ဥပဒေဆိုသည်မှာ**

“ဥပဒေ” ဆိုသော စကားရပ်တွင် ဤဥပဒေအာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက်ဖြစ်စေ ဥပဒေပြုအာဏာပိုင် တစ်ရပ်ရပ်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ အက်ဥပဒေ၊ တစ်ချက်လွှတ်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်အပြင် ဥပဒေကဲ့သို့အာဏာတည်သော ဓလေ့ထုံးတမ်းများလည်း ပါဝင်သည်။ ဥပဒေပညာရှင်ဖြစ်သော ရှေ့နေသည် ဥပဒေကို ဘယ်တော့မှ မချိုးဖောက်သင့်ပါ။

**ထိပ်တန်းခေါင်းဆောင်ကြီးများ**

ရှေ့နေများသည် ကျင့်ဝတ်သိက္ခာနှင့်ပြည်စုံသူများဖြစ်သည်၊ ရှေ့နေတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်သူများလည်းဖြစ်သည်။ ရှေ့နေများ၏အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခွင့်ရှိသည်။ သို့မှသာ ရှေ့နေနှင့် ဥပဒေ ဒွန်တွဲကာ တိုင်းကျိုးပြည်ကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ တိုင်းကျိုးပြည်ကျိုးကို သမိုင်းစဉ်တစ်လျှောက် ရှေ့နေများက ဆောင်ရွက်ခဲ့ကြောင်း၊ ရှေ့နေများ၏အခန်းကဏ္ဍကို နိုင်ငံတော်ကအလေးပေးကြောင်း၊ နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင်ကြီးများ၊ ပြည်သူချစ်သော ဥပဒေပညာရှင်များအဖြစ် ထမ်းဆောင်ခွင့်ရနိုင်ကြောင်း အထူးရေးသားဖော်ပြရန် မလိုတော့ပါ။

**နိဂုံး**

ရှေ့နေနှင့်ဥပဒေသည် “ဒင်္ဂါးပြားတစ်ပြား၏ ခေါင်းနှင့် ပန်းပမာ ဒွန်တွဲနေသည်” ဟု ကျွန်တော်ရေးခဲ့ပါပြီ။ ရှေ့နေတစ်ဦးဖြစ်သူ ကျွန်တော့်အနေနှင့် မိတ်ဆွေရှေ့နေအပေါင်းအား “ မြင့်မြတ်သော ရှေ့နေဘဝကို အတူတကွ တည်ဆောက်သွားကြပါစို့ ” ဟု တရားလွှတ်တော်ရှေ့နေများကောင်စီရွေးကောက်ပွဲကို ကြိုဆိုဂုဏ်ပြုလျက် ဤစာစုဖြင့် နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

